JUSTICE FOR MYANMAR

**သတင်းထုတ်ပြန်ချက်**

**၂၀၂၄ ခုနှစ်၊ မတ်လ ၁ ရက် | မြန်မာ**

# ရုရှား-အာဆီယံဆက်ဆံရေးဆိုင်ရာ ညှိနှိုင်းရေးမှူးအဖြစ် ခန့်အပ်ခြင်းဖြင့် အာဆီယံသည် တရားမဝင်မြန်မာစစ်အုပ်စုနှင့် ကြံရာပါဖြစ်မှုကို ပိုမိုနက်ရှိုင်းလာစေ

အာဆီယံသည် တရားမဝင်မြန်မာစစ်အုပ်စုအား ၂၀၂၇ ခုနှစ်အထိ သက်တမ်းရှိမည်ဟု ယူဆရသည့် ရုရှားအစိုးရနှင့်အာဆီယံ ဆက်ဆံရေးဆိုင်ရာ ညှိနှိုင်းရေးမှူးအသစ်အဖြစ် ခန့်အပ်လိုက်သည်။

အာဆီယံညှိနှိုင်းရေးမှူးများသည် အာဆီယံနှင့် ဆွေးနွေးဘက်နိုင်ငံများ၏ ဆက်ဆံရေးကို စီမံခန့်ခွဲရာတွင် တာဝန်ရှိသူများ ဖြစ်သည်။ ယင်းသို့စီမံခန့်ခွဲရာတွင် အစည်းအဝေးများတွင် ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခြင်း၊ ဆက်ဆံရေးဆိုင်ရာများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆွေးနွေးမှုများတွင် အာဆီယံကို ကိုယ်စားပြု ဆွေးနွေးခြင်းနှင့် နိုင်ငံတကာတွင် အာဆီယံအဖွဲ့အစည်း၏ အကျိုးစီးပွားကို မြှင့်တင်ခြင်းတို့ ပါဝင်သည်။

အာဆီယံ၏ လုပ်ဆောင်ချက်သည် စစ်အုပ်စုအား မြန်မာအစိုးရသဖွယ် အသိအမှတ်ပြုဆက်ဆံနေခြင်း ဖြစ်သလို၊ စစ်အုပ်စု၏ အကြီးဆုံးစစ်လက်နက် ထောက်ပံ့ရောင်းချနေသည့် ရုရှားအစိုးရနှင့် ၎င်းတို့၏ ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေရန် ကူညီပံ့ပိုးပေးရာလည်း ရောက်နေသည်။ မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေး အခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ၏ ၂၀၂၃ ခုနှစ်၊ မေလ အစီရင်ခံစာ အရ ရုရှားနိုင်ငံသည် စစ်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း စစ်အုပ်စုထံ အမေရိကန်ဒေါ်လာ ၄၀၆ သန်း တန်ဖိုးရှိသည့် စစ်လက်နက်နှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းရောင်းချပေးခဲ့သည်။

စစ်အုပ်စုသည် ဒေသတွင်းလုံခြုံရေးအတွက် အဓိကခြိမ်းခြောက်နေသည့် ရာဇဝတ်ဂိုဏ်းအဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ၎င်းတို့သည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအတွက် ဒုက္ခသည်ဆိုင်ရာ အကြပ်အတည်းကြီး တစ်ခုကို ဖြစ်စေခဲ့သည့် အကြမ်းဖက်စစ်ဆင်ရေးကို ငွေကြေးထောက်ပံ့နေသည့် ဆိုက်ဘာငွေကြေးလိမ်လည်မှုများ၊ လူကုန်ကူးမှုများနှင့် သဘာဝရင်းမြစ်များအား တရားမဝင် ကုန်သွယ်ရောင်းချမှုများမှ အကျိုးအမြတ်များစွာရရှိနေသည်။

အာဆီယံ၏ လုပ်ဆောင်ချက်သည် ရုရှားအစိုးရနှင့် ၎င်း၏ ယူကရိန်းနိုင်ငံအား ကျူးကျော်သည့် စစ်ပွဲအပေါ် မြန်မာစစ်အုပ်စု၏ ထောက်ခံနေမှုကို အားပေးရာလည်း ရောက်စေသည်။ မြန်မာစစ်အုပ်စုသည် ယူကရိန်းစစ်ပွဲ

အတွင်း ရုရှားအသုံးပြုခဲ့သည့် စစ်လက်နက်များကိုလည်း ရောင်းချပေးနေသည်။ ထို့ပြင် မြန်မာစစ်အုပ်စုသည် ရုရှားနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာစာတိုပေးပို့ဘဏ်စနစ် (SPFS) အား မကြာသေးမီက စတင်အသုံးပြုခဲ့ပြီး၊ ထိုမှတဆင့် ဒဏ်ခတ်ပိတ်ဆို့မှုများကို ကျော်လွှားကာ နှစ်နိုင်ငံအကြား တိုက်ရိုက်ငွေပေးချေမှုများ လုပ်ဆောင်နိုင်တော့မည် ဖြစ်သည်။

ရုရှားနိုင်ငံဆိုင်ရာ အာဆီယံညှိနှိုင်းရေးမှူးအဖြစ် ခန့်အပ်ခြင်းသည် စစ်အုပ်စုအတွက် အကျိုးဖြစ်ထွန်းစေခဲ့ပြီး ဖြစ်သည်။ စစ်အုပ်စုသည် ပြီးခဲ့သည့်သီတင်းပတ်အတွင်း ရုရှားနိုင်ငံခြားရေးဒုဝန်ကြီးကို နေပြည်တော်၌ လက်ခံတွေ့ဆုံခဲ့ပြီး၊ ယင်းခရီးစဉ်အတွင်း ရုရှားနိုင်ငံခြားရေးဒုဝန်ကြီးသည် စစ်အုပ်စုခေါင်းဆောင် စစ်ရာဇဝတ်ကောင် မင်းအောင်လှိုင်နှင့် စစ်အုပ်စု နိုင်ငံခြားရေးဝန်ကြီး၊ ဒုဝန်ကြီးတို့နှင့် တွေ့ဆုံခဲ့သည်။

ရုရှားဝါဒဖြန့်ချိရေးသတင်းများအရ ယင်းခရီးစဉ်၏ အဓိကရည်ရွယ်ချက်သည် ရုရှား-အာဆီယံ ဆွေးနွေးပွဲအလားအလာများကို ဆွေးနွေးရန်ဖြစ်သည်ဟု ဆိုသည်။ မြန်မာနိုင်ငံတွင် ရှိနေစဉ်အတွင်း ရုရှားကိုယ်စားလှယ်အဖွဲ့သည် စစ်အုပ်စုနှင့် စစ်ရေး၊ စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့မြှင့်တင်ရေးကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

နေပြည်တော် ဆွေးနွေးမှုများအတွင်း နျူကလီးယားနည်းပညာ လွှဲပြောင်းပေးအပ်ရန် အစီအစဉ်များလည်း ပါဝင်ခဲ့ပြီး၊ ယင်းမှာ ငြိမ်းချမ်းသည့် ရည်ရွယ်ချက်များအတွက် ဖြစ်ကြောင်း ရုရှားနိုင်ငံက ပြောဆိုသည်။ အဆိုပါနည်းပညာအား မြန်မာနိုင်ငံမှ လက်ခံရယူမည့်သူသည် စစ်အုပ်စုဖြစ်သည့်အပြင် စစ်အုပ်စုနှင့် ရုရှား နှစ်ဘက်လုံးသည် နိုင်ငံတကာဥပဒေအား လေးစားလိုက်နာမှု မရှိသည်ဖြစ်ရာ ယင်းသို့လွှဲပြောင်းမှုသည် နျူကလီးယားလက်နက် ကင်းစင်သည့် အရှေ့တောင်အာရှဒေသအတွင်း နျူကလီးယားပြန့်ပွားမည့် အန္တရာယ်ကို ဖန်တီးစေမည် ဖြစ်သည်။

စစ်အုပ်စုအား ဤရာထူးအဆင့်အတန်း အပ်နှင်းခြင်းအားဖြင့် အာဆီယံသည် စစ်အုပ်စုနှင့် ရုရှားတို့ အသီးသီးကျူးလွန်နေကြသည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းများ၊ ရည်ရွယ်ချက်ရှိရှိ လေကြောင်းတိုက်ခိုက်ခြင်းနှင့် ဗုံးကြဲခြင်းများ၊ မုဒိမ်းကျင့်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် အဓမ္မဖိအားပေးရွှေ့ပြောင်းစေခြင်းများအပါအဝင် ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများအပေါ် နိုင်ငံရေး၊ စစ်ရေးသာမက ဘဏ္ဍာရေးအရပါ ကြီးမားသည့် တိုက်ရိုက် အားပေးထောက်ပံ့မှုကို ဖြစ်စေမည် ဖြစ်သည်။

ရုရှားအစိုးရနှင့် ဆက်သွယ်ဆက်ဆံရန်အတွက် မြန်မာစစ်အုပ်စုအား လုပ်ပိုင်ခွင့်ပေးသည့် အာဆီယံ၏ ဆုံးဖြတ်ချက်သည် နိုင်ငံတကာဥပဒေနှင့် ဆန့်ကျင်နေပြီး၊ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် ထိခိုက်စေရုံသာမက စစ်အုပ်စုအား ရဲရဲဝံ့ဝံ့ ဆန့်ကျင်ကာ၊ အာဏာသိမ်းကြိုးပမ်းမှု အောင်မြင်မှုမရှိစေရန်

သုံးနှစ်ကျော်တိုင် အောင်အောင်မြင်မြင် ကာကွယ်ဟန့်တားနေသည့် မြန်မာပြည်သူများ၏ သဘောဆန္ဒကိုလည်း လျစ်လျူရှုလိုက်ခြင်းပင် ဖြစ်သည်။

စစ်အုပ်စုအား ရုရှားနိုင်ငံဆိုင်ရာ ညှိနှိုင်းရေးမှူးအဖြစ် အာဆီယံ၏ ခန့်အပ်မှုသည် အာဆီယံ၏ ဆွေးနွေးဘက် နိုင်ငံများ ဖြစ်ကြသည့် ဩစတြေလျ၊ ကနေဒါ၊ ယူကေ၊ အီးယူ၊ နယူးဇီလန်နှင့် အမေရိကန်ပြည်ထောင်စုတို့၏ မြန်မာစစ်အုပ်စုအပေါ် ချမှတ်ထားသည့် ဒဏ်ခတ်ပိတ်ဆို့မှုများနှင့် ကုန်တင်ပို့မှု ကန့်သတ်ချက်များကို ထိခိုက် ပျက်ပြားစေမည်ဖြစ်သည်။ အလားတူ ရုရှားနိုင်ငံအပေါ် အာဆီယံအဖွဲ့ဝင် စင်ကာပူနိုင်ငံနှင့် အာဆီယံ ဆွေးနွေးဘက် နိုင်ငံများဖြစ်ကြသည့် ဩစတြေးလျ၊ ကနေဒါ၊ ယူကေ၊ အီးယူ၊ နယူးဇီလန်၊ ကိုရီးယားသမ္မတ နိုင်ငံ၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့က ချမှတ်ထားသည့် ဒဏ်ခတ်ပိတ်ဆို့မှုများနှင့် ကုန်တင်ပို့မှု ကန့်သတ်ချက်များကိုလည်း ထိခိုက်ပျက်ပြားစေမည် ဖြစ်သည်။

အဆိုပါခန့်အပ်မှုသည် မြန်မာ့အကျပ်အတည်းအား ဖြေရှင်းမည်ဟူသော အာဆီယံ၏ မူလကတိကဝတ် ကိုလည်း ပျက်ပြားစေမည်ဖြစ်သလို၊ မြန်မာစစ်အုပ်စုအား အာဆီယံ၏ ပူးပေါင်းလုပ်ဆောင်မှုများ၊ အစည်းအဝေးများနှင့် လှုပ်ရှားမှုအစီအစဉ်များတွင် ပါဝင်တက်ရောက် လုပ်ကိုင်စေခြင်းအားဖြင့် အာဆီယံ သည် ၎င်း၏ ဘုံသဘောတူညီချက် (၅) ရပ်အား ကျရှုံးရာကျရှုံးစေကြောင်းကို ဖြည့်ဆည်းပေးနေသကဲ့သို့ ဖြစ်နေစေသည်။

၂၀၂၃ ခုနှစ်အတွင်း အီးယူသည် မြန်မာစစ်အုပ်စုအား အသိအမှတ်မပြု ဆိုသည့် အကြောင်းခံဖြင့် ၎င်းနှင့် အာဆီယံဆက်ဆံရေးဆိုင်ရာ ညှိနှိုင်းရေးမှူးတာဝန်အား မြန်မာစစ်အုပ်စုရယူခြင်းကို ငြင်းပယ်ခဲ့သည်။ စစ်အုပ်စုအား ညှိနှိုင်းရေးမှူးတာဝန် ရပ်စဲရမည့်အစား အာဆီယံသည် ညှိနှိုင်းရေးမှူးတာဝန်များကို ဘရူနိုင်း နိုင်ငံနှင့် ပြောင်းလဲ လဲလှယ်တာဝန်ပေးခဲ့ပြီး၊ စစ်အုပ်စုအား ရုရှားနိုင်ငံဆိုင်ရာ ညှိနှိုင်းရေးမှူးအဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် မြန်မာစစ်တပ်အတွက် ဒုတိယအကြီးဆုံး စစ်လက်နက်ရောင်းချသည့် နိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့် ဆက်ဆံရေးအတွက် စစ်အုပ်စုသည် ၂၀၂၁ ခုနှစ်မှစ၍ ၃ နှစ်တိုင် အာဆီယံ ညှိနှိုင်းရေးမှူး ဖြစ်ခဲ့သည်။

အာဆီယံ၏ ယခုနောက်ဆုံးတာဝန်ပေးအပ်မှုသည် အာဆီယံအပေါင်း ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး (ADMM) ဆက်စပ်၊ အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်သူများ လုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများအဖြစ် မြန်မာစစ်တပ်နှင့် ရုရှားစစ်တပ်တို့က ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အတူတကွ တာဝန်ယူ ခဲ့ကြအပြီး ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ ယင်းလုပ်ငန်းအဖွဲ့သည် စာပွဲဝိုင်း စာတွေ့စစ်ရေး ဇာတ်တိုက် လေ့ကျင့်မှုတစ်ရပ်ကို နေပြည်တော်တွင် ပြုလုပ်ခဲ့ပြီး၊ မြေပြင်စစ်ရေး လေ့ကျင့်မှုများကို ရုရှားနိုင်ငံတွင် ပြီးခဲ့သည့်နှစ်က ပြုလုပ်ခဲ့သည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုများသည် မြန်မာပြည်သူများအပေါ် တိုက်ခိုက်မှု

များတွင် တိုက်ရိုက်လွှဲပြောင်း အသုံးချနိုင်သည့် ကျွမ်းကျင်မှုဆိုင်ရာ များကို မြန်မာစစ်အုပ်စု စစ်သည်များအား လေ့ကျင့်သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အာဆီယံသည် စစ်အုပ်စု၏ လေတပ်နှင့် ရေတပ်တို့ကိုလည်း အားပေးကူညီထားသည်။ ပြီးခဲ့သည့် နှစ်အတွင်း အာဆီယံသည် စစ်အုပ်စု၏ လေတပ်အကြီးအကဲအား အာဆီယံလေတပ်ချုပ်ညီလာခံ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေခဲ့ပြီး၊ ယခုနှစ်တွင်လည်း အာဆီယံရေတပ်ချုပ်ညီလာခံကို စစ်အုပ်စုက ဦးဆောင်စေရန် စီစဉ်ထားသည်။

အာဆီယံအနေဖြင့် စစ်အုပ်စုအား တရားဝင်မှု ပေးအပ်နေခြင်းအား ချက်ချင်းရပ်တန့်ရန်နှင့် အာဆီယံ အစည်းအဝေးများနှင့် လှုပ်ရှားမှုအားလုံးမှ ပိတ်ပင်ဖယ်ရှားရန် Justice For Myanmar က တောင်းဆို သည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "မြန်မာနိုင်ငံအတွင်း အကျပ်အတည်းတွေအပေါ် တုန့်ပြန်ဖြေရှင်းတဲ့နေရာမှာ အာဆီယံဟာ ထိရောက်မှု မရှိသလို၊ အသုံးလည်း ဝင်မနေပါဘူး။ စစ်အုပ်စုရဲ့ အကြမ်းဖက်စစ်ဆင်ရေးကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော် လည်းကောင်း ပံ့ပိုးကူညီမှုတွေ ပေးအပ်နေတာကြောင့် အာဆီယံဟာ စစ်အုပ်စုရဲ့ ရက်စက်ကြမ်းကြုတ်မှု တွေမှာ ကြံရာပါပတ်သက်မှု တကယ့်ကို ဆိုးဆိုးဝါးဝါး ရှိနေတာပါ။

ရုရှားအစိုးရဟာ စစ်တပ်ကို နှစ်ရှည်လများ စစ်လက်နက် အဓိကထောက်ပံ့နေသူတွေထဲက တစ်ဦး ဖြစ်သလို၊ စစ်တပ်ရဲ့ လူမျိုးတုန်းသတ်ဖြတ်မှုတွေ၊ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေအပေါ် ထောက်ကူပြုပေးနေတဲ့ နိုင်ငံရေးကျောထောက် နောက်ခံပေးမှုနဲ့ စီးပွားရေးလုပ်ငန်း တွေကိုလည်း ပံ့ပိုးကူညီပေးနေပါတယ်။

စစ်အုပ်စုကလည်း ရုရှားနိုင်ငံအတွက် ထောက်ခံမှုတွေ ပြန်လည်ပေးအပ်နေသလို၊ ရုရှားရဲ့ ယူကရိန်းနိုင်ငံ အတွင်း ကျူးလွန်တဲ့ နိုင်ငံတကာရာဇဝတ်မှုတွေမှာလည်း အကူအညီပေးနေတာပါ။

စစ်အုပ်စုနဲ့ ရုရှားအစိုးရအကြား အခုလို ရာဇဝတ်ကြောင်းအရ မိတ်ဖက်ဖြစ်နေမှုကို အာဆီယံက ကမကထပြု စီစဉ်ပေးနေခြင်း ဖြစ်ပါတယ်။

အာဆီယံရဲ့ ကြံရာပါပတ်သက်မှုတွေ ပိုမိုများပြားလာပေမယ့်၊ နိုင်ငံတကာအသိုင်းအဝိုင်းကတော့ စစ်အုပ်စု အပေါ် ထိရောက်တဲ့ နိုင်ငံတကာအရေးယူဆောင်ရွက်ချက်တွေကို တားဆီးနေတဲ့ အာဆီယံရဲ့ နောက်မှာ ဆက်ပြီး ပုန်းကွယ်လျက် ရှိနေဆဲပါပဲ။

အာဆီယံအနေနဲ့ မြန်မာ့အကျပ်အတည်းကို ပိုမိုဆိုးရွားစေတဲ့ လုပ်ဆောင်မှုတွေကို ရပ်တန့်ဖို့ အချိန်ကျရောက်နေပါပြီ။ စစ်အုပ်စုရဲ့ ဘဏ္ဍာငွေ၊ စစ်လက်နက်၊ ဆက်စပ်ပစ္စည်းနဲ့ လေယာဉ်ဆီရရှိနေမှုတွေကို ပိတ်ဆို့ဖို့အတွက် နိုင်ငံတကာအရေးယူ ဆောင်ရွက်ချက်တွေကို ပံ့ပိုးကူညီရမယ့်အချိန်လည်း ဖြစ်ပါတယ်။

အာဆီယံခေါင်းဆောင်တွေကို အထူးထိပ်သီးညီလာခံမှာ ဖိတ်ကြားဧည့်ခံမယ့် သြစတြေးလျနိုင်ငံ အပါအဝင် အစိုးရတွေအနေနဲ့၊ အနိမ့်ဆုံး မြန်မာနိုင်ငံအတွင်း စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေအပေါ် အားပေးကူညီနေတာတွေ ရပ်တန့်ဖို့နဲ့ စစ်အုပ်စု၊ ၎င်းရဲ့ စီးပွားရေး လုပ်ငန်းတွေနဲ့ စစ်လက်နက်ဝယ်ယူရေး ကွန်ရက်တွေအပေါ် ကိုယ်တိုင်အရေးယူ ဆောင်ရွက်နိုင်ဖို့ တွေအတွက် အာဆီယံကို တိုက်တွန်းတောင်းဆိုသင့်ပါတယ်” ဟု ပြောကြားခဲ့သည်။

## ပိုမိုသိရှိရန်

မြန်မာစစ်တပ်၏ နိုင်ငံတကာရာဇဝတ်မှုများတွင် အာဆီယံ၏ ကြံရာပါပတ်သက်မှုများအကြောင်း ယခုနေရာတွင် ဖတ်ရှုပါ။
မြန်မာစစ်တပ်၏ ရုရှားစစ်လက်နက်ရောင်းချသူများအကြောင်း ယခုနေရာတွင် ဖတ်ရှုပါ။

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ် ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။

Justice For Myanmar | media@justiceformyanmar.org
https://www.justiceformyanmar.org/ | Mirror:
https://justiceformyanmar.github.io/justiceformyanmar.org/
https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/